ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ကရင်ပြည်နယ်

## သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၃ - ဂ)



ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
၂၀၁၅ ခုနှစ်၊ မေလ

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ကရင်ပြည်နယ်

# သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၃ - ဂ)


ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ရုံးအမှတ် (၄၈)
နေပြည်တော်
ဖုန်း - ၉၅-၆၇-၄၃၁၀၆၂
www.dop.gov.mm
၂၀၁၅ ခုနှစ်၊ မေလ

# ပုံ (၁) - အုပ်ချုပ်မှုဒေသအလိုက်မြန်မာနိုင်ငံမြေပုံ (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်)



# ပုံ (၂) - ကရင်ပြည်နယ်မြေပုံ (ခရိုင်၊ မြို့နယ်)



# ဦးဃေယျာဇဉ်

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှ ဧပြီလ (၁၀) ရက်နေ့အထိ တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူကို အသုံးပြု ကောက်ယူခဲ့ပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးတစ်ခုလုံး အောင်မြင်စွာ ပြင်ဆင်အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် လည်းကောင်း၊ ပင်မအစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ မေလတွင်လည်းကောင်း သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များသည် ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေတွင် ပြည်သူများထံမှ ကောက်ခံရရှိထားသည့် အချက်အလက်များအား ထုတ်ပြန် ကြေညာရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကို နိုင်ငံတော်အစိုးရက လေးစားလိုက်နာဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားကြောင်း သက်သေပြသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ ယခုထုတ်ပြန်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပင်မသန်းခေါင်စာရင်း အချက်အလက်များကို သုံးသပ်၍ နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အထောက်အကူပြုအစီအမံများ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်ကြမည်ဟုလည်း ကျွန်ုပ်အနေနှင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါသည်။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ဖွဲ့စည်းခဲ့သည့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၊ အုပ်ချုပ်မှုအဆင့်အလိုက်လုပ်ငန်းအဖွဲ့များနှင့် နိုင်ငံ တကာမှ ပညာရှင် (၁၅) ဦးပါဝင်သော နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့တို့က သန်းခေါင်စာရင်း လုပ်ငန်းစဉ်တစ်ရပ်လုံး အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ ညွှန်ကြားချက်များဖြင့် ဦးဆောင်ဦးရွက်ပြုခဲ့ကြပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ နည်းပညာ အကူအညီကြောင့်လည်းကောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း လိုက်နာလိုသည့် ကျွန်ုပ်တို့၏ ပြင်းပြသောဆန္ဒတို့ကြောင့်လည်းကောင်း၊ ကုလသမဂ္ဂမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ၊ အကြံပြု ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတကာမှ ကျင့်သုံးသည့် အကောင်းဆုံး သန်းခေါင် စာရင်းကောက်ယူမှုပုံစံကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ယခုပင်မအစီရင်ခံစာ - ကရင်ပြည်နယ် (သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၃ - ဂ) သည် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအတွက် တတိယအဆင့် ထုတ်ပြန်မည့် အစီရင်ခံစာ (၁၅) ခုအနက်မှ တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အိမ်ထောင်စု၊ လူဦးရေနှင့် လူမှုစီးပွားရေး အချက်အလက် များကို အသေးစိတ်ဖော်ပြထားပါသည်။

ပဏာမလေ့လာ ဆန်းစစ်မှုများအရ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းမှရရှိသော အချက်အလက်များသည် ပြည့်စုံမှန်ကန်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စု အဆင့် အချက်အလက်များကို သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၂) တွင် ဖော်ပြထားပြီး နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ အစီရင်ခံစာများကို အတွဲ (၃) တွင် ဖော်ပြထားပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသအချို့နှင့် ကချင်ပြည်နယ်အတွင်းရှိ နယ်မြေအနည်းငယ်တွင် အခက်အခဲအမျိုးမျိုးကြောင့် စာရင်းမကောက်ယူနိုင်သည်ကို တွေ့ရှိရပါသည်။

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်းရှိ ဒေသအချို့တွင်လည်း စုစုပေါင်းလူဦးရေနှင့် ကျား/မ စာရင်းကိုသာ ရရှိခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်အတူ စာရင်းမကောက်ယူနိုင်ခဲ့သည့် လူဦးရေကို အတတ်နိုင်ဆုံး နည်းပါးအောင် စာရင်းကောက်ရက်တိုးချဲ့သည့် နည်းလမ်းအပါအဝင် ချဉ်းကပ်မှုမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကရင်ပြည်နယ်တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေနှင့်နည်းစနစ်ကို ဤအစီရင်ခံစာ၏ အခန်း (၁.၄) တွင်ဖော်ပြထားပါသည်။

သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ကြီးအတွက် ကူညီထောက်ပံ့ပေးခဲ့ကြသော ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့အား နိုင်ငံတော်အစိုးရကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ အဆိုပါ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ငွေကြေး၊ ပစ္စည်းကိရိယာနှင့် နည်းပညာအကူအညီများသည် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် အရေးပါသော အထောက်အပံ့များဖြစ်ခဲ့ပါသည်။ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများသည် သန်းခေါင်စာရင်းလုပ်ငန်းအတွက် အရေးပါသည့် အကြံဉာဏ်များနှင့် လုပ်ငန်းစဉ်တိုင်းအတွက် နည်းပညာ၊ စက်ပစ္စည်းကိရိယာနှင့် အခြားအထောက်အကူပစ္စည်းများ ကူညီထောက်ပံ့ခြင်း၊ သန်းခေါင်စာရင်း မေးခွန်းပုံစံများ ပုံနှိပ်ခြင်း၊ သင်တန်းနည်းပြများနှင့် စာရင်းစစ်၊ စာရင်းကောက်များအား သင်တန်းပေးခြင်း၊ လူထုအသိပညာပေး လုပ်ငန်းများအတွက် စာစောင်များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ကောက်ယူပြီးမေးခွန်းပုံစံများအား ပုံရိပ်ဖတ်ခြင်း၊ အချက်အလက်များ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာများပုံနှိပ်ထုတ်ဝေခြင်း အစရှိသည့်လုပ်ငန်းများတွင် ကူညီထောက်ပံ့ပေးခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်အပေါ် အစစအရာရာ အနီးကပ်လမ်းညွှန်ပြသခဲ့ပါသော နိုင်ငံတော်သမ္မတကြီးအားလည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းအားလည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင် အဖွဲ့ဝင်များအားလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို စီမံကြီးကြပ်လမ်းညွှန်မှုပေးခဲ့သော တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးများအားလည်းကောင်း၊ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ အဆင့်ဆင့်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ သန်းခေါင်စာရင်းကော်မတီဝင်များအားလည်းကောင်း ကျေးဇူးဥပကာယတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ သန်းခေါင်စာရင်း လုပ်ငန်းကြီးတစ်ခုလုံး အချိန်မီပြီးစီးစေရန်နှင့် ညွှန်ကြားချက်များ၊ အစီရင်ခံစာများကို အချိန်မီထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို မနားမနေ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ အုပ်ချုပ်မှုနှင့် နည်းပညာဆိုင်ရာ ဝန်ထမ်းများကိုလည်းကောင်း၊ သင်တန်းနည်းပြများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် စေတနာရှင်၊ လုပ်အားရှင် အားလုံးကိုလည်းကောင်း မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါသည်။

ဎင်းအပြင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကြီးတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော၊ အထူးသဖြင့် သန်းခေါင်စာရင်းမေးခွန်းများကို စိတ်အားထက်သန်စွာဖြေဆိုခြင်းဖြင့် ပူးပေါင်းကူညီခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ ရပ်ဟန်းရှင်လူ၊ ပြည်သူလူထုနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် သန်းခေါင်စာရင်းမှရရှိလာသည့် တစ်ဦးချင်း အချက်အလက်များကို စာရင်းဇယားပြုစုရေး လုပ်ငန်းတွင်သာ အသုံးပြုသွားမည်ဖြစ်ပါကြောင်းကို ထပ်လောင်းကတိပေး ပြောကြားအပ်ပါသည်။



ဦးခင်ရီ

ပြည်ထောင်စုဝန်ကြီး

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# မာတိကာ


| | |
|---|---|
| ဥယျောဇဉ် | iii |
| စာရင်းဇယားများ(ကရင်ပြည်နယ်) | vii |
| ပုံများ | x |
| အတိုကောက်စကားလုံးများ | x |
| ကရင်ပြည်နယ် လူဦးရေကိန်းဂဏန်းအချက်အလက်များ | ၁ |
| အပိုင်း (၁) သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာများ | ၇ |
| ၁.၁ နိဒါန်း | ၇ |
| ၁.၂ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း | ၈ |
| ၁.၂.၁ စီမံခန့်ခွဲမှုနှင့်စီမံချက်ရေးဆွဲခြင်း | ၈ |
| ၁.၂.၂ စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်း | ၈ |
| ၁.၂.၃ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များပြုစုခြင်း | ၉ |
| ၁.၂.၄ စာရင်းစစ်/စာရင်းကောက်များခန့်ထားခြင်းနှင့်သင်တန်းပေးခြင်း | ၉ |
| ၁.၂.၅ သန်းခေါင်စာရင်းကောက်ယူခြင်း | ၁၀ |
| ၁.၂.၆ စာရင်းဇယားပြုစုခြင်း | ၁၀ |
| ၁.၂.၇ လွတ်လပ်သောစောင့်ကြည့်လေ့လာရေးအဖွဲ့ | ၁၁ |
| ၁.၂.၈ ရွှေ့ပြောင်းလူဦးရေစာရင်း | ၁၁ |
| ၁.၃ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်မှုများ | ၁၂ |
| ၁.၄ သန်းခေါင်စာရင်းမကောက်ယူနိုင်သောဒေသများအတွက် လူဦးရေခန့်မှန်းခြင်း | ၁၄ |
| အပိုင်း (၂) ပင်မအစီရင်ခံစာ အကျဉ်းချုပ် | ၁၅ |
| ၂.၁ လူဦးရေ | ၁၅ |
| ၂.၂ လူဦးရေအရွယ်အစားနှင့် ပြောင်းလဲမှု | ၁၇ |
| ၂.၃ လူဦးရေ သိပ်သည်းဆ | ၁၇ |
| ၂.၄ မြို့ပြ/ကျေးလက် လူဦးရေ | ၁၈ |
| ၂.၅ ကျား/မ လူဦးရေ | ၁၈ |
| ၂.၆ လူဦးရေ ပိရမစ် | ၁၈ |
| ၂.၇ မွေးဖွားမှုနှင့် ကလေးသေဆုံးမှု | ၂၀ |
| အပိုင်း (၃) စာရင်းဇယားများ | ၂၁ |
| နောက်ဆက်တွဲ - ၁။ သန်းခေါင်စာရင်း မေးခွန်းပုံစံ | ၁၂၉ |
| နောက်ဆက်တွဲ -၂ ။ သန်းခေါင်စာရင်းဆိုင်ရာဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ | ၁၃၄ |
| ကိုးကားချက်များ | ၁၄၁ |

## စာရင်းဇယားများ (ကရင်ပြည်နယ်)

| ဇယားနံပါတ် | ရေးသားဖော်ပြချက် |
|---|---|
| | **အပိုင်း (က) လူဦးရေဆိုင်ရာအချက်အလက်များ** |
| **ဇယား (က - ၁)** | အိမ်ထောင်စုအမျိုးအစားအလိုက် လူဦးရေကို ကျား/မ နှင့် မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသော ဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (က - ၂)** | အိမ်ထောင်ဦးစီး အမျိုးအစားအလိုက် အိမ်ထောင်စုများနှင့် အိမ်ထောင်စုအမျိုးအစားအလိုက် လူဦးရေ၊ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (က - ၃)** | မြို့ပြနှင့် ကျေးလက်နေလူဦးရေကို ကျား/မ၊ ကျား/မအချိုးနှင့် မြို့ပြနေလူဦးရေ ရာခိုင်နှုန်းကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (က - ၄)** | လူဦးရေကို အသက်တစ်နှစ်ချင်းစီအလိုက် ကျား/မ နှင့် မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား (ပြည်နယ်) |
| **ဇယား (က - ၅)** | လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ နှင့် မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (က - ၆)** | အသက်အုပ်စုကြီးများအလိုက် လူဦးရေနှင့် မှီခိုသူအချိုးများကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (က - ၇)** | အိမ်ထောင်စုအရွယ်အစားအလိုက် အိမ်ထောင်စုဝင်အရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (ခ) လူမှုရေးဆိုင်ရာအချက်အလက်များ** |
| **ဇယား (ခ - ၁)** | အိမ်ထောင်စုလူဦးရေကို အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (ခ - ၂)** | အသက် (၁၀) နှစ်နှင့်အထက် အိမ်ထောင်စုနှင့် အဖွဲ့အစည်းလူဦးရေကို အိမ်ထောင်ရေး အခြေအနေနှင့် အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်) |
| **ဇယား (ခ - ၃)** | အသက် (၁၅) နှစ်နှင့်အထက်လူဦးရေကို အိမ်ထောင်ရေးအခြေအနေနှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (ဂ) ပြည်တွင်း/ပြည်ပရွှေ့ပြောင်းသွားလာခြင်း** |
| **ဇယား (ဂ - ၁)** | နိုင်ငံခြားသို့ ရောက်ရှိနေသော အိမ်ထောင်စုဝင်များကို ရောက်ရှိနေထိုင်သည့်နိုင်ငံနှင့် နေထိုင်ခဲ့သည့် ခရိုင်အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (ဂ - ၂)** | နိုင်ငံခြားသို့ ရောက်ရှိနေသော အိမ်ထောင်စုဝင်များကို ရောက်ရှိနေထိုင်သည့်နိုင်ငံနှင့် နိုင်ငံခြားတွင် ရောက်ရှိနေသည့် ကာလအပိုင်းအခြားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်) |
| | **အပိုင်း (ဃ) ပညာရေးဆိုင်ရာ အချက်အလက်များ** |
| **ဇယား (ဃ - ၁)** | အသက် (၅) နှစ်နှင့်အထက် အိမ်ထောင်စုလူဦးရေကို စာတတ်မြောက်မှုရာခိုင်နှုန်းနှင့် အသက်အုပ်စု အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (ဃ - ၂)** | အသက် (၁၅) နှစ်နှင့်အထက် အိမ်ထောင်စုလူဦးရေကို စာတတ်မြောက်မှုရာခိုင်နှုန်းနှင့် မြို့ပြ/ကျေးလက်အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |

| ဇယားနံပါတ် | ရေးသားဖော်ပြချက် |
|---|---|
| **ဇယား (ဃ - ၃)** | အသက် (၅) နှစ်နှင့်အထက်လူဦးရေကို အသက်အပိုင်းအခြားနှင့် ကျောင်းတက်ရောက်မှု အခြေအနေအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (ဃ - ၄)** | အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း အိမ်ထောင်စုလူဦးရေကို ကျောင်းတက်ရောက်မှု အခြေအနေအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဃ - ၅(က))** | အသက် (၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက် ပြီးစီးခဲ့သည့်အတန်းနှင့် အသက်အပိုင်းအခြားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (မြို့ပြ/ကျေးလက်) (ပြည်နယ်) |
| **ဇယား (ဃ - ၅(ခ))** | အသက် (၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းနှင့် အသက်အပိုင်းအခြားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (မြို့ပြ) (ပြည်နယ်) |
| **ဇယား (ဃ - ၅(ဂ))** | အသက် (၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းနှင့် အသက်အပိုင်းအခြားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ကျေးလက်) ( ပြည်နယ်) |
| **ဇယား (ဃ - ၆(က))** | အသက် (၂၅) နှစ်နှင့်အထက် အိမ်ထောင်စုနှင့် အဖွဲ့အစည်းလူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်းအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဃ - ၆(ခ))** | အသက် (၂၅) နှစ်နှင့်အထက် အိမ်ထောင်စုလူဦးရေကို အမြင့်ဆုံးတက်ရောက် ပြီးစီးခဲ့သည့် အတန်းအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဃ - ၆(ဂ))** | အသက် (၂၅) နှစ်နှင့်အထက် အဖွဲ့အစည်းလူဦးရေကို အမြင့်ဆုံးတက်ရောက် ပြီးစီးခဲ့သည့် အတန်းအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (င) စီးပွားရေးဆိုင်ရာအချက်အလက်များ** |
| **ဇယား (င - ၁(က))** | အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို လုပ်သားအင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (မြို့ပြ/ကျေးလက်) (ပြည်နယ်) |
| **ဇယား (င - ၁(ခ))** | အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို လုပ်သားအင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (မြို့ပြ )(ပြည်နယ်) |
| **ဇယား ( င - ၁(ဂ))** | အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို လုပ်သားအင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ကျေးလက်) (ပြည်နယ်) |
| **ဇယား (င - ၂)** | အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို လုပ်သားအမျိုးအစားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (စ) ကလေးမွေးဖွားမှုနှင့် သေဆုံးမှုအကြောင်းအရာများ** |
| **ဇယား (စ - ၁)** | အသက် (၁၅ - ၅၄) နှစ်ရှိ အိမ်ထောင်ကျဖူးသူအမျိုးသမီး၊ ကလေးမွေးဖွားမှုနှင့် သေဆုံးမှုများကို မိခင်၏အသက်အုပ်စုအလိုက် ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| **ဇယား (စ - ၂)** | အသက် (၁၅ - ၄၉) နှစ်ရှိ အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ (၁၂) လအတွင်း ကလေးမွေးဖွားမှုနှင့် သေဆုံးမှုများကို မိခင်၏အသက်အုပ်စုအလိုက် ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်) |
| | **အပိုင်း (ဆ) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား** |
| **ဇယား (ဆ - ၁)** | အသက် (၁၀) နှစ်နှင့်အထက်လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ် အမျိုးအစားအလိုက် အသက်အုပ်စုဖြင့် ဖော်ပြသောဇယား (ပြည်နယ်) |

| ဇယားနံပါတ် | ရေးသားဖော်ပြချက် |
|---|---|
| **ဇယား (ဆ - ၂)** | အသက် (၁၀) နှစ်နှင့်အထက်လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ် အမျိုးအစားအလိုက် မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (ဇ) မသန်စွမ်းမှုအကြောင်းအရာ** |
| **ဇယား (ဇ - ၁)** | မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို ကျား/မ အလိုက်၊ အသက်အုပ်စုအလိုက် ဖော်ပြသောဇယား (ပြည်နယ်) |
| **ဇယား (ဇ - ၂)** | မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို ကျား/မ အလိုက် မြို့နယ်အဆင့်ထိ ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (ဈ) အိမ်အကြောင်းအရာ** |
| **ဇယား (ဈ - ၁)** | နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဈ - ၂)** | အိမ်ပိုင်ဆိုင်မှုအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကိုဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဈ - ၃)** | အသုံးပြုသည့် အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဈ - ၄(က))** | နေအိမ်အဆောက်အအုံတွင် အမိုးအတွက် အဓိကအသုံးပြုသည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဈ - ၄(ခ))** | နေအိမ်အဆောက်အအုံတွင် အကာအတွက် အဓိကအသုံးပြုသည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ဈ - ၄(ဂ))** | နေအိမ်အဆောက်အအုံတွင် အခင်းအတွက် အဓိကအသုံးပြုသည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| | **အပိုင်း (ည) အိမ်အသုံးအဆောင်ပစ္စည်းများ** |
| **ဇယား (ည - ၁)** | အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ည - ၂)** | သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ည - ၃)** | သုံးရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ည - ၄)** | အစားအစာချက်ပြုတ်စားသောက်ရန်အတွက် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ည - ၅)** | ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ သုံးစွဲနိုင်မှုအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |
| **ဇယား (ည - ၆)** | သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုသည့် ယာဉ်အမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြသောဇယား (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) |

## ပုံများ

ပုံ (၁) အုပ်ချုပ်မှုဒေသအလိုက် မြန်မာနိုင်ငံမြေပုံ (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်)

ပုံ (၂) ကရင်ပြည်နယ်မြေပုံ (ခရိုင်၊ မြို့နယ်)

ပုံ (၃) တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအချိုးအစား

ပုံ (၄) လူဦးရေပိရမစ်၊ ၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်

ပုံ (၅) လူဦးရေပိရမစ်၊ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ

## အတိုကောက်စာလုံးများ

| | |
|---|---|
| ကေအိုင်အို | ကချင်လွတ်မြောက်ရေးအဖွဲ့ |
| ကေအင်န်ယူ | ကရင်အမျိုးသားအစည်းအရုံး |
| အာဆီယံ | အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| ICR | Intelligent Character Recognition (ပုံရိပ်နှင့် စာလုံးများဖတ်ခြင်း) |
| KFI | Key-in From Image (ဂဏန်းသင်္ကေတတင်ခြင်း) |
| OMR | Optical Mark Recognition/Readers (ပုံရိပ်ဖမ်းခြင်း/ ပုံရိပ်ဖတ်စက်) |

## ကရင်ပြည်နယ် လူဦးရေကိန်းဂဏန်းအချက်အလက်များ[၁]

| | |
|---|---|
| ခရိုင်အရေအတွက် | ၄ |
| မြို့နယ်/မြို့နယ်ခွဲ အရေအတွက် | ၁၆ |
| | |
| လူဦးရေစုစုပေါင်း | ၁,၅၇၄,၀၇၉ [၂] |
| ကျား ဦးရေ | ၇၇၅,၂၆၈ (၄၉.၃%) |
| မ ဦးရေ | ၇၉၈,၈၁၁ (၅၀.၇%) |
| မြို့ပြလူဦးရေရာခိုင်နှုန်း | ၂၂% |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၃၀,၃၈၂.၈ |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၅၁.၈ |
| အသက်အလယ်ကိန်း | ၂၃.၆ |
| | |
| အိမ်ထောင်စုအရေအတွက် | ၃၀၈,၀၄၁ |
| မြို့ပြအိမ်ထောင်စုရာခိုင်နှုန်း | ၂၁% |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၅.၇% |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၇ |
| | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | |
| ကလေးဦးရေ (အသက် ၀ - ၁၄ နှစ်) | ၃၅.၈% |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၅၉.၁% |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅နှစ်နှင့်အထက်) | ၅.၁% |
| | |
| မှီခိုသူအချိုး | |
| စုစုပေါင်းမှီခိုသူအချိုး | ၆၉.၃ |
| ကလေးမှီခိုသူအချိုး | ၆၀.၆ |
| သက်ကြီးရွယ်အို မှီခိုသူအချိုး | ၈.၇ |
| | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၁၄.၃ |

[၁] အထက်ပါဇယားတွင် ဖော်ပြထားသည့် ကျား/မ လူဦးရေစုစုပေါင်း၊ လူဦးရေသိပ်သည်းဆနှင့် ကျား/မ အချိုးတို့ကို သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့သောဒေသများမှ ခန့်မှန်းလူဦးရေများကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။ သို့ရာတွင် အခြားသော ညွှန်ကိန်းများကို သန်းခေါင်စာရင်းကောက်ယူရရှိခဲ့သော အိမ်ထောင်စုများမှ အချက်အလက်များအပေါ်တွင် အခြေခံ၍ တွက်ချက်ထားပါသည်။

[၂] စာရင်းကောက်ယူခဲ့သောလူဦးရေနှင့် သန်းခေါင်စာရင်းကာလအတွင်း မကောက်ယူခဲ့သော ခန့်မှန်းလူဦးရေ (၂) မျိုးလုံးပါဝင်ပါသည်။ ခန့်မှန်းလူဦးရေကို ဇယား (၁) တွင်ဖော်ပြထားပါသည်။

| | |
|---|---|
| ကျား/မအချိုး | ၉၇ (မ ၁၀၀ တွင်ရှိသော ကျားဦးရေ) |
| | |
| အသက် (၁၅) နှစ်နှင့်အထက်စာတတ်မြောက်မှုရာခိုင်နှုန်း | ၇၄.၄% |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၇၈.၄% |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၇၀.၉% |

| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၉၉,၃၈၉ | ၆.၆ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၃၉,၀၃၀ | ၂.၆ |
| အမြင် | ၆၀,၅၃၉ | ၄.၀ |
| အကြား | ၂၈,၆၀၃ | ၁.၉ |
| သင်ယူလေ့လာခြင်း/ မှတ်ဉာဏ် /အာရုံစူးစိုက်ခြင်း | ၃၈,၅၉၈ | ၂.၆ |

| ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့် အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၆၅၀,၀၂၄ | ၅၆.၆ |
| ဧည့်နိုင်ငံသားကတ် | ၆၂၄ | ၀.၁ |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၅,၆၁၁ | ၀.၅ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၁၇,၆၃၉ | ၁.၅ |
| သာသနာဝင်ကတ် | ၅,၂၁၀ | ၀.၄ |
| ယာယီသက်သေခံကတ် | ၇,၅၂၁ | ၀.၇ |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | ၉၆ | ၀.၁ ရာခိုင်နှုန်းထက်နည်းသည်။ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | ၄၇၀ | ၀.၁ ရာခိုင်နှုန်းထက်နည်းသည်။ |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၄၆၁,၄၇၀ | ၄၀.၂ |

| လုပ်သားအင်အားပါဝင်နှုန်း | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| အသက် (၁၀) နှစ်နှင့်အထက် | ၅၀.၃% | ၆၇.၄% | ၃၄.၂% |
| အသက် (၁၅) နှစ်နှင့်အထက် | ၅၇.၆% | ၇၇.၉% | ၃၈.၆% |
| အသက် (၁၅ - ၆၄) နှစ် | ၆၀.၇% | ၈၁.၄% | ၄၁.၂% |

| အလုပ်လက်မဲ့ရာခိုင်နှုန်း | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| အသက် (၁၀) နှစ်နှင့်အထက် | ၇.၉% | ၈.၁% | ၇.၅% |
| အသက် (၁၅) နှစ်နှင့်အထက် | ၇.၄% | ၇.၆% | ၆.၉% |
| အသက် (၁၅ - ၆၄) နှစ် | ၇.၅% | ၇.၈% | ၇.၁% |
| | | | |
| **အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး** | **စုစုပေါင်း** | **ကျား** | **မ** |
| အသက် (၁၀) နှစ်နှင့်အထက် | ၄၆.၃% | ၆၁.၉% | ၃၁.၇% |
| အသက် (၁၅) နှစ်နှင့်အထက် | ၅၃.၃% | ၇၂.၀% | ၃၆.၀% |
| အသက် (၁၅ - ၆၄) နှစ် | ၅၆.၂% | ၇၅.၁% | ၃၈.၃% |
| | | | |
| **အိမ်ပိုင်ဆိုင်မှု** | | | |
| ပိုင်ရှင် | ၈၆.၅% | | |
| အိမ်ငှား | ၇.၈% | | |
| အခမဲ့ (မိဘ/ဆွေမျိုး/မိတ်ဆွေ) | ၂.၃% | | |
| အစိုးရဝန်ထမ်းအိမ်ရာ | ၂.၃% | | |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | ၀.၆% | | |
| အခြား | ၀.၅% | | |
| | | | |
| **နေအိမ်အဆောက်အအုံအတွက်အသုံးပြုသည့်ပစ္စည်းများ** | **အကာ** | **အခင်း** | **အမိုး** |
| ဓနိ/သက်ကယ်/အင်ဖက် | ၁၀.၉% | - | ၃၄.၅% |
| ဝါး | ၂၀.၄% | ၁၅.၁% | ၀.၇% |
| မြေကြီး | ၀.၁% | ၀.၅% | - |
| သစ်သား | ၅၃.၂% | ၇၄.၁% | ၀.၁% |
| သွပ် | ၀.၃% | - | ၆၃.၅% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၁၂.၇% | ၉.၄% | ၀.၇% |
| အခြား | ၁.၄% | ၀.၉% | ၀.၅% |
| | | | |

| | |
|---|---|
| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | |
| လျှပ်စစ်မီး | ၉.၅% |
| ဓာတ်ငွေ့ | ၀.၆% |
| ရေနံဆီမီး | ၀.၃% |
| ဘိုင်အိုဂက်စ် | ၀.၈% |
| သစ်သား/ထင်း | ၆၂.၈% |
| မီးသွေး/လောင်စာတောင့် | ၂၅.၁% |
| ကျောက်မီးသွေး | ၀.၇% |
| အခြား | ၀.၂% |
| | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့်မီးအမျိုးအစား | |
| လျှပ်စစ်မီး | ၂၆.၉% |
| ရေနံဆီမီး | ၁၀.၄% |
| ဖယောင်းတိုင်မီး | ၄၅.၂% |
| ဘက်ထရီမီး | ၁.၉% |
| မီးစက် (ပုဂ္ဂလိက) | ၈.၃% |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | ၁.၀% |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၅.၉% |
| အခြား | ၀.၄% |
| | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | |
| ရေပိုက်လိုင်း | ၄.၅% |
| အဝီစိတွင်း | ၃.၉% |
| ရေတွင်း (အုတ်စီ) | ၄၃.၉% |
| ရေသန့်စက်/ရေသန့်ဘူး | ၁၁.၇% |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၆၄.၀%* |
| ရေတွင်း (အကာအရံမဲ့) | ၁၆.၆% |
| ရေကန် | ၀.၇% |

| | |
|---|---|
| မြစ်/ချောင်း/တူးမြောင်း | ၁၁.၂% |
| တောင်ကျရေ/မိုးရေ | ၄.၃% |
| အခြား | ၃.၂% |
| *စုစုပေါင်းရေကောင်းရေသန့်မရရှိမှု* | *၃၆.၀%* |
| | |
| သုံးရေအတွက်အဓိကအသုံးပြုသည့် ရေအမျိုးအစား | |
| ရေပိုက်လိုင်း | ၈.၂% |
| အဝီစိတွင်း | ၈.၃% |
| ရေတွင်း (အုတ်စီ) | ၄၃.၈% |
| ရေတွင်း (အကာအရံမဲ့) | ၁၆.၄% |
| ရေကန် | ၀.၉% |
| မြစ်/ချောင်း/တူးမြောင်း | ၁၃.၉% |
| တောင်ကျရေ/မိုးရေ | ၄.၅% |
| ရေသန့်စက်/ရေသန့်ဘူး | ၀.၁% |
| အခြား | ၃.၉% |
| | |
| အိမ်သာအမျိုးအစား | |
| ရေဆွဲအိမ်သာ | ၁.၄% |
| ရေလောင်း/ယင်လုံအိမ်သာ | ၆၇.၅% |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၆၈.၉%* |
| တွင်း/ဇလားအိမ်သာ | ၄.၈% |
| တွင်းမရှိအိမ်သာ | ၁.၀% |
| အခြား | ၀.၈% |
| အိမ်သာမရှိ | ၂၄.၅% |
| | |
| ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ | |
| ရေဒီယို | ၂၂.၆% |
| ရုပ်မြင်သံကြား | ၄၇.၁% |

| | |
|---|---|
| ကြိုးဖုန်း | ၃.၇% |
| လက်ကိုင်ဖုန်း | ၂၅.၃% |
| ကွန်ပျူတာ | ၂.၅% |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | ၂.၄% |
| မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ၄၀.၆% |
| ပစ္စည်းအားလုံးရှိသည့် ရာခိုင်နှုန်း | ၀.၃% |
| | |
| သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှုအခြေအနေ | |
| ကား/ထရပ်ကား/ဗင်န် | ၄.၀% |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/ သုံးဘီးကား | ၄၁.၅% |
| စက်ဘီး | ၃၅.၂% |
| (၄) ဘီးပါ ထော်လာဂျီ | ၅.၉% |
| ကနူးလှေ၊ သမ္ဗာန် | ၂.၈% |
| စက်လှေ၊ မော်တော်ဘုတ် | ၂.၃% |
| လှည်း (ကျွဲ၊ နွား၊ မြင်း......စသဖြင့်) | ၁၄.၁% |

# အပိုင်း (၁)

# သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာများ

## ၁.၁ နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်ကာလတစ်လျှောက်လုံး၌ လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခု ၂၀၁၄ ခုနှစ်၊ ဧပြီလတွင်တစ်ကြိမ် ကောက်ယူခဲ့ပါသည်။ သန်းခေါင်စာရင်း မကောက်နိုင်သောကာလ များတွင် မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းများ၊ မိသားစုနှင့် လူငယ်လူရွယ်စစ်တမ်း၊ လူဦးရေပြောင်းလဲမှုနှင့် မွေးဖွားမှုစစ်တမ်းများနှင့် အခြားသောလူဦးရေစစ်တမ်းများကို ပုံမှန်ကောက်ယူခြင်းဖြင့် နိုင်ငံတော်၏ မူဝါဒများချမှတ် နိုင်ရေးနှင့် စီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် လူဦးရေဆိုင်ရာအချက်အလက်များ ပံ့ပိုးနိုင်ခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသ လက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည် အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ် အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်း များရေးဆွဲခြင်း၊ အထောက်အထားပေါ်အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ် ခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်းများစသည့် လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် အသုံးဝင် ပါသည်။ ထို့အပြင် သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများ၊ ထောင်စုနှစ် ရည်မှန်းချက်များ၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံမှချမှတ်ခဲ့သည့် ပန်းတိုင်များစသည့် ပြည်တွင်းပြည်ပဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဆန်းစစ်လေ့လာရာတွင်လည်း အထောက်အပံ့ဖြစ်စေပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းရလဒ် အစီရင်ခံစာများကို အဆင့် (၃) ဆင့်ဖြင့် ထုတ်ပြန်ရန်စီစဥ်ထားပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း (သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ - ၁) စာအုပ်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဒုတိယအဆင့်တွင် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများအား အတွဲ (၂) ခုဖြင့် ထုတ်ဝေမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၂) တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ အသေးစိတ်အချက်အလက်များပါဝင်ပြီး သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၃) တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီ၏ အစီရင်ခံစာ (၁၅) ခု ပါဝင်ပါသည်။ ဂဏန်းသင်္ချာ တင်ရန် လိုအပ်သော အချက်အလက်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်လိုအပ်သည့် အချက်အလက်များကို ၂၀၁၆ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ထုတ်ပြန်နိုင်ရန် ရည်မှန်းထားပါသည်။ တတိယအဆင့် ထုတ်ပြန်ခြင်းတွင် သန်းခေါင်စာရင်း

အချက်အလက်များကို ခေါင်းစဉ်အလိုက် အသေးစိတ် ဆန်းစစ်လေ့လာထားသည့် အစီရင်ခံစာများပါဝင်မည်ဖြစ်ပါသည်။

**ယခုအစီရင်ခံစာသည် သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ (၃) တွင် ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ် အစီရင်ခံစာများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကရင်ပြည်နယ်၏ အချက်အလက်များ ပါဝင်ပါသည်။**

ယခုအစီရင်ခံစာတွင်ပါရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များနှင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။

## ၁.၂ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

### ၁.၂.၁ စီမံခန့်ခွဲမှုနှင့်စီမံချက်ရေးဆွဲခြင်း

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ စီမံခန့်ခွဲမှုများ၊ စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ၊ ဥပဒေအမှတ် (၁၉) တွင် ပြည်သူ့အင်အားဦးစီးဌာနအား သန်းခေါင်စာရင်းကောက်ယူချိန်တွင် နိုင်ငံအတွင်းရှိ အိမ်ထောင်စုတိုင်း/လူတိုင်းကို စာရင်းကောက်ယူရန် အာဏာအပ်နှင်းထားပါသည်။ သန်းခေါင်စာရင်းဥပဒေနှင့်အညီ သန်းခေါင်စာရင်း စီမံချက်လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို စီမံအုပ်ချုပ်မှုအဆင့်အလိုက် ဖွဲ့စည်းခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များသည် တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကော်မတီ၏ ဥက္ကဋ္ဌများအဖြစ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုလုံး အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုလုံးတွင်ပါဝင်သည့် လုပ်ငန်းများအားလုံးကို အကဲဖြတ်တွက်ချက်၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စီမံချက်ကို ၂၀၁၁ ခုနှစ်မှစတင် ရေးဆွဲခဲ့ပါသည်။ မြေပုံရေးဆွဲခြင်း၊ စာရင်းဇယားပြုစုခြင်း၊ သန်းခေါင်စာရင်းနှင့် ဆက်နွယ်ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများ၊ ဘဏ္ဍာငွေ လိုအပ်ချက်၊ မေးခွန်းပုံစံပြုစုခြင်း၊ လူထုအသိပညာပေးလုပ်ငန်းများနှင့် သန်းခေါင်စာရင်း ရလဒ်များ ဆန်းစစ်လေ့လာခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသည့်လုပ်ငန်းများကို အကဲဖြတ်သုံးသပ်ခဲ့ပါသည်။ အဆိုပါအကဲဖြတ်မှုများကို သန်းခေါင်စာရင်း စီမံချက်ရေးဆွဲရာတွင် ထည့်သွင်းပေါင်းစပ်ပြီး သန်းခေါင်စာရင်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

### ၁.၂.၂ စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်း

သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်းလုပ်ငန်းအား ၂၀၁၂ ခုနှစ်၊ ဇွန်လတွင်စတင်ဆောင်ရွက်ခဲ့ပါသည်။ ကောက်ကွက်မြေပုံများရေးဆွဲနိုင်ရန်အတွက် မြေပုံရေးဆွဲခြင်းသင်တန်းများကိုဖွင့်လှစ်ခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အရာထမ်းများအား တက်ရောက်စေခဲ့ပါသည်။ သင်တန်းတွင် သန်းခေါင်စာရင်းလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်

တွင် မြေပုံများ၏အခန်းကဏ္ဍ၊ ထင်ရှားသော အမှတ်အသားများရေးဆွဲခြင်းအပါအဝင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် မြေပုံများရေးဆွဲခြင်းသင်ခန်းစာများကို သင်ကြားပို့ချခဲ့ပါသည်။ တစ်နိုင်ငံလုံးအတွက်မြေပုံများ ဆက်စပ်ရရှိပြီးနောက် မြို့နယ်ပေါင်း (၃၃၀) အတွက် မြေပုံများကိုပုံနှိပ်၍ သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများသို့ ဖြန့်ဝေခဲ့ပါသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုအရေအတွက်နှင့် အဖွဲ့အစည်းလူဦးရေတို့ကိုကောက်ယူခဲ့ပါသည်။ ကောက်ယူရရှိသော အချက်အလက်များပေါ်မူတည်၍ စာရင်းကောက်တစ်ယောက်တာဝန်ယူရမည့် စာရင်းကောက်ကွက်နယ်နိမိတ်များ သတ်မှတ်ပေးခဲ့ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း (၁၆,၀၀၀) ကျော်အတွက် မြေပုံများရေးဆွဲခဲ့ပါသည်။ စာရင်းကောက်ကွက် စုစုပေါင်း (၈၁,၇၅၀) ခန့်ရှိပြီး နိုင်ငံ့ဧရိယာအားလုံးနီးပါးကို လွှမ်းခြုံနိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ ဒေသအချို့တွင် မြေပုံရေးဆွဲရန် အခက်အခဲများရှိသဖြင့် ဂြိုလ်တုဓါတ်ပုံများ၊ မြေပုံနည်းပညာများအသုံးပြု၍ စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခဲ့ရပါသည်။

### ၁.၂.၃ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များပြုစုခြင်း

သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များ ပြုစုခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မေးခွန်းပုံစံပြုစုရာတွင် အချက်အလက် အသုံးပြုသူများနှင့် ညှိနှိုင်းဆွေးနွေးချက်များ၊ ကုလသမဂ္ဂ၏ ၂၀၁၀ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာအခြေခံမူနှင့် အကြံပြုချက်များစာအုပ်နှင့် ယခင်မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း အတွေ့အကြုံများကို အခြေခံ၍ ပြုစုခဲ့ခြင်းဖြစ်ပါသည်။

အိမ်ထောင်စုမေးခွန်းပုံစံသည် ၂၀၁၄ ခုနှစ် မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံ (သန်းခေါင်စာရင်းည) တွင် အိမ်ထောင်စုတိုင်း၌ရှိသည့် လူဦးရေကို သိရှိနိုင်ရန်နှင့် ဖြေဆိုသူတစ်ဦးချင်းစီ၏ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို စုစည်းရရှိနိုင်ရန် ပြုစုထားပါသည်။ မေးခွန်းပုံစံတွင် အိမ်အခြေအနေနှင့် အိမ်ထောင်စုဆိုင်ရာ အချက်အလက်များအတွက် မေးခွန်းများလည်း ပါဝင်ပါသည်။ ထို့အပြင် ပြည်ပတွင်ရောက်ရှိနေသော အိမ်ထောင်စုဝင်များနှင့် စာရင်းမကောက်ယူမီ (၁၂) လအတွင်း သေဆုံးခဲ့သည့် အိမ်ထောင်စုဝင်တို့နှင့်သက်ဆိုင်သည့် မေးခွန်းများလည်းပါဝင်ပါသည်။ အိမ်ထောင်စုမေးခွန်းပုံစံတွင် မေးခွန်းပေါင်း (၄၁) ချက်ပါဝင်ပါသည်။ (နောက်ဆက်တွဲ - ၁)

အဖွဲ့အစည်းမေးခွန်းပုံစံတွင် အိမ်ထောင်စုမေးခွန်း၏ မေးခွန်းများအနက်မှ မေးခွန်း (၁၁) ချက်ကိုထည့်သွင်းထားပြီး ဆေးရုံ၊ အဆောင်၊ အကျဉ်းထောင်၊ ဘုန်းကြီးကျောင်းနှင့် ဘော်ဒါဆောင် စသည်တို့တွင် နေထိုင်သူများ၊ အိမ်ခြေရာခြေမဲ့များ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် လေဆိပ်၊ ရေဆိပ်တို့၌ ရှိနေသူများအပါအဝင် အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများကို ကောက်ယူရန်အသုံးပြုပါသည်။

### ၁.၂.၄ စာရင်းစစ်/စာရင်းကောက်များခန့်ထားခြင်းနှင့်သင်တန်းပေးခြင်း

သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သူအများစုမှာ ဆရာ/ဆရာမများဖြစ်ပြီး ၎င်းတို့ကို ပညာရေးဝန်ကြီးဌာနနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီများမှ ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ စာရင်းကောက် ဆရာ/ဆရာမများကို တာဝန်ပေးအပ်ရာတွင် ၎င်းတို့စာရင်းကောက်ယူရမည့် နယ်မြေ

အတွင်းရှိ ဒေသခံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိခြင်းနှင့် ဒေသခံဘာသာစကား ကျွမ်းကျင်မှုရှိခြင်းတို့အပေါ် အခြေခံ၍ တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

စာရင်းစစ်/စာရင်းကောက်သင်တန်းများကို အဆင့် (၄) ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ယြစတြေးလျ စာရင်းအင်းဗျူရို၊ အိန္ဒိယသန်းခေါင်စာရင်းမင်းကြီးရုံး၊ DRS ကုမ္ပဏီ၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ သန်းခေါင်စာရင်း ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့ကိုဖွဲ့စည်းခဲ့ပါသည်။ ဤအဖွဲ့အနေဖြင့် သင်တန်းအထောက်အကူပြု ပစ္စည်းများကိုလေ့လာသုံးသပ်ခြင်းနှင့် သင်တန်းအစီအစဉ်ပြုစုခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဤအဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်းအများစုပါဝင်သည့် ဗဟိုအဆင့်နည်းပြများကို ရွေးချယ်လေ့ကျင့်ပေးခဲ့ပါသည်။ ဗဟိုအဆင့်နည်းပြများမှတစ်ဆင့် အခြားအစိုးရဌာနများနှင့် တက္ကသိုလ်များမှ အထူးနည်းပြများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ အထူးနည်းပြများမှ အလားတူသင်တန်းများကို ခရိုင်နည်းပြများသို့ ဆက်လက်ဆင့်ပွားသင်တန်းပေးခဲ့ပါသည်။ ခရိုင်နည်းပြများသည် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များရှိ အထက်တန်းပြ/အလယ်တန်းပြဆရာ/ဆရာမများဖြစ်ကြပြီး ၎င်းတို့ကမြို့နယ်များတွင် စာရင်းစစ်နှင့် စာရင်းကောက်များကို ဆက်လက်သင်တန်းပို့ချပေးခဲ့ပါသည်။ စာရင်းကောက်များကို (၅) ရက်ကြာ လေ့ကျင့်သင်တန်းပေးခဲ့ပြီး စာရင်းစစ်များအတွက်မူ စာရင်းစစ်များ၏အခန်းကဏ္ဍ၊ ကွင်းဆင်းလုပ်ငန်း၊ ပြန်လည်မေးမြန်းခြင်း၊ ဖြည့်သွင်းပြီးသော မေးခွန်းပုံစံများကိုစစ်ဆေးခြင်း၊ လူမှုဆက်ဆံရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်ခန်းစာများကို ဖြည့်စွက်ပို့ချရန် အချိန်တစ်ရက်ပိုယူ၍ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

## ၁.၂.၅ သန်းခေါင်စာရင်းကောက်ယူခြင်း

စာရင်းစစ်/စာရင်းကောက်များသည် သန်းခေါင်စာရင်းမကောက်မီ (၂) ရက်အလိုတွင် ၎င်းတို့ တာဝန်ကျရာစာရင်းကောက်ကွက်အသီးသီးသို့ရောက်ရှိ၍ စာရင်းကောက်ကွက် နယ်နိမိတ်များကိုကြည့်ရှုခြင်း၊ ကောက်ကွက်အတွင်းရှိ အဆောက်အအုံနှင့် အိမ်ထောင်စုများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ လိုအပ်ပါက အဆောက်အအုံစာရင်း (ဆ - ၀၂) အား လက်ရှိအခြေအနေနှင့်ကိုက်ညီရန် ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ ရောက်ရှိနေသူအားလုံးကို စာရင်းကောက်ယူရန်ဖြစ်ပါသည်။ ထိုသို့စာရင်းကောက်ယူရာတွင် ဟိုတယ်၊ တည်းခိုခန်း၊ ဆေးရုံ၊ ရဲစခန်းနှင့် အကျဉ်းထောင်စသည့် အဖွဲ့အစည်းများရှိလူဦးရေအား သန်းခေါင်စာရင်းညတွင် စာရင်းကောက်ယူနိုင်ရန် မြို့နယ်သန်းခေါင်စာရင်းအရာရှိများမှ ကြိုတင်စီမံမှုများ ပြုလုပ်ခဲ့ကြပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းအားသတ်မှတ်ထားသည့် (၁၂) ရက်တာ ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၁.၂.၆ စာရင်းဇယားပြုစုခြင်း

စာရင်းဇယားပြုစုခြင်းလုပ်ငန်းသည် သန်းခေါင်စာရင်းကောက်ယူပြီးချိန်တွင် ဆောင်ရွက်ရသည့် အလွန်အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ စာရင်းဇယားပြုစုခြင်း လုပ်ငန်းစဉ်တွင် ရရှိလာသော အချက်အလက်များကို ပုံရိပ်ဖတ်ခြင်း၊ ဂဏန်းသင်္ကေတများထည့်သွင်းခြင်း၊ တည်းဖြတ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့ပါဝင်သည်။ ၂၀၁၄

ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ရာတွင် ခေတ်မီအဆင့်မြင့်နည်းပညာများကို အပြည့်အဝအသုံးချခဲ့ပါသည်။ အချက်အလက်သွင်းလုပ်ငန်းကို လုပ်ဆောင်ရန် နည်းလမ်းအမျိုးမျိုးရှိသော်လည်း ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် OMR/ICR/KFI ပုံရိပ်ဖတ်ခြင်း နည်းပညာကို အသုံးပြုခဲ့ပါသည်။

သန်းခေါင်စာရင်းမေးခွန်းပုံစံများကို အထူးစီမံပြုလုပ်ထားပြီး စာရင်းကောက်များ မေးခွန်းပုံစံဖြည့်သွင်းရာ၌ ပုံရိပ်ဖတ်သည့် နည်းစနစ်နှင့်ကိုက်ညီစေရန် အထူးလေ့ကျင့် သင်တန်းပေးခဲ့ပါသည်။ ထို့ကြောင့် ပုံရိပ်ဖတ်ချိန်တွင် အမှားနည်းပြီး လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အခြားနည်းလမ်းများနှင့်နှိုင်းယှဉ်လျှင် ဝန်ထမ်းအင်အား အနည်းငယ်ကိုသာ အသုံးပြုခဲ့ရပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် မေးခွန်းပုံစံပေါင်း (၁၁.၅) သန်းအား ပုံရိပ်ဖတ်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

### ၁.၂.၇ လွတ်လပ်သောစောင့်ကြည့်လေ့လာရေးအဖွဲ့

ပြည်တွင်း/ပြည်ပမှ ပညာရှင်များပါဝင်သည့် လွတ်လပ်သောသန်းခေါင်စာရင်း စောင့်ကြည့်လေ့လာသူများအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူမှုများကို လေ့လာခဲ့ပါသည်။ အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်များမှာ (၁) လေ့လာရန် ရွေးချယ်ထားသည့်မြို့နယ်/ စာရင်းကောက်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူသည့်နည်းလမ်းများကို မှတ်တမ်းတင်ရန်၊ (၂) သန်းခေါင်စာရင်းကောက်ယူနေစဉ်နှင့် ကောက်ယူပြီးချိန်တွင် နိုင်ငံတော်အစိုးရသို့ အချက်အလက်များပံ့ပိုးပေးရန်၊ (၃) နိုင်ငံတကာအဆင့်အတန်း၊ ပြည်တွင်းဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ ဆန်းစစ်ရန် (၄) အနာဂတ်တွင်ဆောင်ရွက်မည့် သန်းခေါင်စာရင်းများအတွက် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးတွင် အထောက်အကူဖြစ်စေမည့် အတွေ့အကြုံများနှင့် ကောင်းမွန်သောအလေ့အထများကို မှတ်တမ်းတင် ထားရှိနိုင်ရန်တို့ ဖြစ်ပါသည်။

ထိုစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခုလုံးရှိ ခရိုင် (၄၁) ခု (ခရိုင်စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်း)၊ မြို့နယ်ပေါင်း (၁၂၁) မြို့နယ် (မြို့နယ်စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်း)၊ စာရင်းကောက်ကွက် (၉၀၁) ကွက် (စာရင်းကောက်ကွက်စုစုပေါင်း၏ ၁.၁ ရာခိုင်နှုန်း) တို့ကို သွားရောက်လေ့လာခဲ့ပြီး တွေ့ဆုံမေးမြန်းမှုပေါင်း (၂,၁၉၃) ခုကိုပြုလုပ်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူပြီးချိန်တွင် လေ့လာရေးအဖွဲ့မှ တွေ့ရှိချက်များကို အသေးစိတ်ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင်ကို ပြုစုခဲ့ပါသည်။ ထိုအစီရင်ခံစာကို http://www.dop.gov.mm/ နှင့် http://countryoffice.unfpa.org/myanmar တို့တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

### ၁.၂.၈ ရွှေ့ပြောင်းလူဦးရေစာရင်း

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းအစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါရွှေ့ပြောင်းလူဦးရေစာရင်းတွင် လူဦးရေအရွယ်အစားကို ကျား/မ ခွဲခြား၍ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် အချို့အချက်အလက်များကို ခရိုင်နှင့် မြို့နယ်အဆင့်ထိပါ ဖော်ပြထားပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်း အစီရင်ခံစာကို http://www.dop.gov.mm/ နှင့် http://countryoffice.unfpa.org/myanmar/?publications တို့တွင် ဖော်ပြထားပါသည်။

## ၁.၃ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်မှုများ

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ချိန်နှင့် အကောင်အထည် ဖော်ဆောင်ရွက်ချိန်တွင် သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုလုံးကို အရည်အသွေးကောင်းမွန်စေမည့် နည်းလမ်းများနှင့်ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ထိုအချက်များတွင် သန်းခေါင်စာရင်းကောက်ယူမှုသည် တစ်နိုင်ငံလုံးကိုတတ်နိုင်သမျှ လွှမ်းခြုံမှုရှိစေရန်၊ ဖြေဆိုသည့် အချက်များ မှန်ကန်မှုရှိစေရန်နှင့် စာရင်းကောက်များက မှန်ကန်စွာရေးသွင်းရန်၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်းများ တိကျမှန်ကန်မှုရှိစေရန်တို့ ပါဝင်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အချက်အလက်များ၏ အရည်အသွေး ကောင်းမွန်စေရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုအချို့ကို အောက်တွင်ထုတ်နှုတ်ဖော်ပြထားပါသည် -

(က) သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုစီကို ဆန်းစစ်လေ့လာမှုများပြုလုပ်၍ တွေ့ရှိချက်များကို အသုံးပြုပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ် အဆင့်တိုင်းကို တိကျစွာအကောင်အထည်ဖော်ခြင်းဖြင့် သန်းခေါင်စာရင်း လုပ်ငန်းစဉ်တစ်ခုစီတွင် အကောင်းဆုံး နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ခဲ့ပါသည်။

(ခ) တစ်နိုင်ငံလုံးတွင် အသေးငယ်ဆုံးအဆင့် အုပ်ချုပ်မှုဧရိယာဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စုတိုင်းကို အကွက်ငယ်များပိုင်း၍ သန်းခေါင်စာရင်းကောက်ကွက် မြေပုံများရေးဆွဲခြင်းဖြင့် မြေဧရိယာအားလုံးကို အပြည့်အဝလွှမ်းခြုံနိုင်ခဲ့ပြီး စာရင်းကောက်ယူစဉ်ကာလအတွင်း ထပ်ခြင်း/ကျန်ခြင်းများ မရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စာရင်းကောက်ကွက်အရေအတွက်သည် သန်းခေါင်စာရင်း ကောက်ယူမည့် လူအင်အားစာရင်းခန့်မှန်းခြင်းနှင့် ပံ့ပိုးပေးရမည့် သန်းခေါင်စာရင်း အထောက်အကူပြုပစ္စည်းများ ခန့်မှန်းတွက်ချက်ရာတွင်လည်း အသုံးဝင်ပါသည်။

(ဂ) သန်းခေါင်စာရင်း မေးခွန်းပုံစံများပြုစုရာတွင် မြေပြင်တွင် စမ်းသပ်ခြင်း၊ အစိုးရဝန်ကြီးဌာန/ဦးစီးဌာန များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ၊ အချက်အလက် အသုံးပြုသူများနှင့် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကုလသမဂ္ဂမှ အကြံပြုထားသော နိုင်ငံတကာစံချိန်စံညွှန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် အသွင် သဏ္ဌာန်တူ နိုင်ငံများ၏ မေးခွန်းပုံစံများကိုလည်းကောင်း ဆန်းစစ်လေ့လာ အသုံးပြုခဲ့ပါသည်။ သို့ဖြစ်၍ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် အချက်အလက် အသုံးပြုသူများ၏ လိုအပ်ချက်နှင့် ဆီလျော်မှုရှိပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီခဲ့ပါသည်။

(ဃ) စာရင်းစစ်/စာရင်းကောက် လက်စွဲစာစောင်နှင့် အထူးနည်းပြ၊ ခရိုင်နည်းပြစသည့် သင်တန်းနည်းပြ များအတွက် လက်စွဲစာစောင်များကို ပြုစုခဲ့ခြင်းဖြင့် တစ်နိုင်ငံလုံးတွင် သင်တန်းများနှင့် စာရင်းကောက် လုပ်ငန်းစဉ်များ တပြေးညီဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါသင်တန်း စာစောင်များတွင် စာရင်းစစ်/စာရင်းကောက်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုရရှိစေမည့် လူထုဆက်သွယ်ရေး နည်းလမ်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

(င) သန်းခေါင်စာရင်းမကောက်ယူမီ တစ်နှစ်တိတိအလိုတွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြေပုံရေးဆွဲခြင်းမှသည် စာရင်းဇယား ပြုစုခြင်းလုပ်ငန်းစဉ်အထိ

သန်းခေါင်စာရင်းလုပ်ငန်းစဥ်တစ်ခုလုံးကို ပြည့်စုံစွာစမ်းသပ်ရန်နှင့် လုပ်ငန်းစဥ်များနှင့် ထွက်ပေါ်လာသောရလဒ်များကို သေချာစွာဆန်းစစ် လေ့လာရန်ဖြစ်ပါသည်။ ထို့ပြင်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်နည်းလမ်းများ၊ စာရင်းကောက်ယူမည့် လုပ်ငန်းစဥ်၊ အသုံးပြုမည့် စက်ကိရိယာများ စမ်းသပ်ခြင်းနှင့် သန်းခေါင်စာရင်းလုပ်ငန်းစဥ်ကို ထိခိုက်နိုင်မည့် တွေ့ကြုံနိုင်သော အခက်အခဲများကို စောင့်ကြည့်လေ့လာခြင်းတို့လည်း ပါဝင်ပါသည်။ စမ်းသပ်သန်းခေါင်စာရင်းမှ တွေ့ရှိချက်များကိုအခြေခံ၍ ပင်မသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဥ်ကြီးကို အောင်မြင်အောင် ကြိုတင်ပြင်ဆင်ခဲ့ပါသည်။

(စ) သန်းခေါင်စာရင်းအကြောင်းကို ပြည်သူများ သေချာစွာ နားလည်သဘောပေါက်စေရန်နှင့် အချက်အလက်များကို မှန်ကန်စွာဖြေဆိုရန်အတွက် လူထုအသိပညာပေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထင်ပေါ်ကျော်ကြားသော အနုပညာရှင်များကလည်း လူထုအသိပညာပေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ပါသည်။ မီဒီယာမျိုးစုံကိုအသုံးပြု၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် လူထုအစည်းအဝေးများပြုလုပ်ခြင်း၊ ပိုစတာများဖြန့်ဝေခြင်းတို့ကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခဲ့ပါသည်။

(ဆ) စာရင်းကောက်များနှင့် ကွင်းဆင်းဝန်ထမ်းများအတွက် ပြည့်စုံထိရောက်သော သင်တန်းများဆောင်ရွက်ပေးခဲ့ပါသည်။ သင်တန်းနည်းပြများမှာ ဩစတြေးလျ၊ အိန္ဒိယနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ တို့မှဖြစ်ပြီး ဗဟိုနည်းပြများကို ၎င်းတို့က သင်တန်းပေး၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများကို ပို့ချစေခဲ့ပါသည်။

(ဇ) မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှု၊ နယ်မြေဒေသခံများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကောက်ကွက်အတွင်းရှိ အိမ်ထောင်စုနှင့် လူဦးရေအားလုံးကို ကောက်ယူနိုင်ခဲ့ပါသည်။ သန်းခေါင်စာရင်း စတင်မကောက်ယူမီ ကောက်ကွက်မြေပုံများနှင့် အဆောက်အအုံစာရင်းတို့ကို မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်းဖြင့် ကောက်ကွက်မြေပုံရေးဆွဲပြီးချိန်တွင် ထပ်မံပြောင်းဝင်လာသည့် အိမ်ထောင်စုအသစ်များကိုလည်း မကျန်အောင်ကောက်ယူနိုင်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် စာရင်းကောက်များအနေဖြင့်လည်း သန်းခေါင်စာရင်း ကောက်ယူသည့်ကာလအတွင်း ၎င်းတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်နိုင်ခဲ့ပါသည်။ သန်းခေါင်စာရင်းမကောက်မီ (၂) ရက်အလိုတွင် မြေပြင်အခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်းဖြင့် သန်းခေါင်စာရင်း၏ ဧရိယာလွှမ်းခြုံနိုင်မှုကိုလည်း တိုးမြင့်စေခဲ့ပါသည်။

(ဈ) စာရင်းကောက်လုပ်ငန်းပြီးစီးချိန်တွင် ကောက်ကွက်အတွင်းရှိ အိမ်ထောင်စုအားလုံးကို ပြီးစီးအောင်ကောက်ယူနိုင်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရန် မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ထားသည့် အဆောက်အအုံစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို စာရင်းကောက်ကွက်တိုင်းတွင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဥ်ကို ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တွင်လည်း ဆောင်ရွက်ခဲ့ပါသည်။

(ည) ကောက်ကွက်အားလုံးအတွက် ဖြည့်သွင်းထားသော မေးခွန်းပုံစံများအားလုံးနှင့် စာရင်းချုပ်ပုံစံများကို သေချာစွာစာရင်းပြုစု စုစည်းပြီး ပြည်သူ့အင်အားဦးစီးဌာနသို့ ပြန်လည်သိမ်းဆည်းခဲ့ပါသည်။

(ဋ) အချက်အလက်သွင်းသူများ၏အမှားကို နည်းနိုင်သမျှ နည်းစေရန်နှင့် စာရင်းဇယားပြုစုချိန် ကာလကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရန် ပုံရိပ်ဖတ်သည့်နည်းပညာကို အသုံးပြုခဲ့ပါသည်။ သို့ဖြစ်၍ သန်းခေါင်စာရင်း ရလဒ်များကို သတ်မှတ်ချိန်တွင် ထုတ်ပြန်နိုင်မည်ဖြစ်ပါသည်။

(ဌ) စာရင်းဇယားထုတ်ပြန်မည့် အချိန်ဇယားကိုပြုစု၍ အချက်အလက်အသုံးပြုသူများကို မျှဝေခြင်းဖြင့် သန်းခေါင်စာရင်းရလဒ်များ မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

အဆိုပါနည်းစနစ်များဖြင့် အဆင့်ဆင့်ကြပ်မတ် ထိန်းချုပ်မှုများကြောင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိလာသော အချက်အလက်များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်မှုရှိရုံမက အချက်အလက်များ၏ အရည်အသွေးသည်လည်း ကောင်းမွန်ခိုင်မာမှုရှိကြောင်း တွေ့ရှိရပါသည်။ သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် မြေဧရိယာစုစုပေါင်းသည် နိုင်ငံ့မြေဧရိယာတစ်ခုလုံး၏ (၁) ရာခိုင်နှုန်းအောက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။

## ၁.၄ သန်းခေါင်စာရင်းမကောက်ယူနိုင်သောဒေသများအတွက် လူဦးရေခန့်မှန်းခြင်း

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကေအင်န်ယူ တပ်မဟာ (၅) ဌာနချုပ်ရှိရာနယ်မြေရှိ ကျေးရွာအချို့တွင် စာရင်း မကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါကျေးရွာအုပ်စုတစ်ခုချင်းစီ၏ အိမ်ထောင်စုနှင့် ကျား/မ လူဦးရေ စာရင်းများကိုသာ ကေအင်န်ယူမှ ပြုစုပေးပို့ခဲ့ပါသည်။ အဆိုပါအချက်အလက်များကိုစိစစ်၍ အခြားဒေသများတွင် ကောက်ယူရရှိခဲ့သော သန်းခေါင်စာရင်းအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာရာတွင် ကေအင်န်ယူများထံမှ ရရှိလာသောအချက်အလက်များသည် အနီးစပ်ဆုံးမှန်ကန်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ သန်းခေါင်စာရင်းကာလအတွင်း စာရင်းမကောက်ယူနိုင်သောဒေသများအတွက် ကေအင်န်ယူမှ ပံ့ပိုးပေးခဲ့သည့် အိမ်ထောင်စု/လူဦးရေစာရင်းသည် လက်ခံနိုင်ဖွယ်ရှိသည်ဟု စဥ်းစားခဲ့ပါသည်။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်း သန်းခေါင်စာရင်းမေးခွန်းပုံစံများကို အသုံးပြုခြင်းမရှိဘဲ ကောက်ယူရရှိသော လူဦးရေမှာ (၆၉,၇၅၃) ဦး ဖြစ်ကြောင်း ခန့်မှန်းရရှိပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပင်မအစီရင်ခံစာနှစ်ခုလုံးတွင် ကောက်ယူရရှိသော လူဦးရေနှင့်ခန့်မှန်းလူဦးရေကိုပေါင်း၍ ထုတ်ပြန်ထားပါသည်။

# အပိုင်း (၂)

## ပင်မအစီရင်ခံစာ အကျဉ်းချုပ်

### ၂.၁ လူဦးရေ

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၂၀၁၄ ခုနှစ် မတ်လ (၂၉) ရက်နေ့ညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ လူဦးရေစုစုပေါင်းမှာ (၅၁,၄၈၆,၂၅၃) ဦးဖြစ်ပါသည်။ ကျား ဦးရေမှာ (၂၄,၈၂၄,၅၈၆) ဦးဖြစ်ပြီး၊ မ ဦးရေမှာ (၂၆,၆၆၁,၆၆၇) ဦးဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မတ်လ (၂၉) ရက်နေ့ညတွင်ရှိသော ကရင်ပြည်နယ်၏ လူဦးရေစုစုပေါင်းမှာ (၁,၅၇၄,၀၇၉) ဦး ဖြစ်ပါသည်။ စာရင်းကောက်ကာလအတွင်း လူဦးရေစုစုပေါင်း (၁,၅၀၄,၃၂၆) ဦးကိုကောက်ယူခဲ့ပြီး၊ ခန့်မှန်းလူဦးရေ (၆၉,၇၅၃) ဦးကို ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ကျား ဦးရေမှာ (၇၇၅,၂၆၈) ဦးဖြစ်ပြီး၊ မ ဦးရေမှာ (၇၉၈,၈၁၁) ဦးဖြစ်ပါသည်။ ကရင်ပြည်နယ်၏ လူဦးရေစုစုပေါင်းသည် မြန်မာနိုင်ငံလူဦးရေ၏ (၃.၁) ရာခိုင်နှုန်းရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျားမအလိုက် လူဦးရေပျံ့နှံ့ပုံကို ဇယား (၁) တွင် ဖော်ပြထားပါသည်။

ဇယား (၁)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု[၃]

| တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း လူဦးရေ | | |
|---|---|---|---|
| | စုစုပေါင်း လူဦးရေ | ကျား | မ |
| **ပြည်ထောင်စု** | ***၅၁,၄၈၆,၂၅၃*** | ***၂၄,၈၂၄,၅၈၆*** | ***၂၆,၆၆၁,၆၆၇*** |
| ပြည်ထောင်စု (စာရင်းကောက်ယူရရှိသောလူဦးရေ) | ၅၀,၂၇၉,၉၀၀ | ၂၄,၂၂၈,၇၁၄ | ၂၆,၀၅၁,၁၈၆ |
| *ပြည်ထောင်စု (မကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေ)* | ၁,၂၀၆,၃၅၃ | ၅၉၅,၈၇၂ | ၆၁၀,၄၈၁ |
| ကချင် | ***၁,၆၈၉,၄၄၁*** | ***၈၇၈,၃၈၄*** | ***၈၁၁,၀၅၇*** |
| ကချင် (စာရင်းကောက်ယူရရှိသောလူဦးရေ) | ၁,၆၄၂,၈၄၁ | ၈၅၅,၃၅၃ | ၇၈၇,၄၈၈ |
| ကချင် (စာရင်းမကောက်ယူနိုင်သည့်လူဦးရေ) | ၄၆,၆၀၀ | ၂၃,၀၃၁ | ၂၃,၅၆၉ |
| ကယား | ၂၈၆,၆၂၇ | ၁၄၃,၂၁၃ | ၁၄၃,၄၁၄ |
| ကရင် | ***၁,၅၇၄,၀၇၉*** | ***၇၇၅,၂၆၈*** | ***၇၉၈,၈၁၁*** |
| ကရင် (စာရင်းကောက်ယူရရှိသောလူဦးရေ) | ၁,၅၀၄,၃၂၆ | ၇၃၉,၁၂၇ | ၇၆၅,၁၉၉ |
| ကရင် (စာရင်းမကောက်ယူနိုင်သည့်လူဦးရေ) | ၆၉,၇၅၃ | ၃၆,၁၄၁ | ၃၃,၆၁၂ |
| ချင်း | ၄၇၈,၈၀၁ | ၂၂၉,၆၀၄ | ၂၄၉,၁၉၇ |
| စစ်ကိုင်း | ၅,၃၂၅,၃၄၇ | ၂,၅၁၆,၉၄၉ | ၂,၈၀၈,၃၉၈ |
| တနင်္သာရီ | ၁,၄၀၈,၄၀၁ | ၇၀၀,၆၁၉ | ၇၀၇,၇၈၂ |
| ပဲခူး | ၄,၈၆၇,၃၇၃ | ၂,၃၂၂,၃၃၈ | ၂,၅၄၅,၀၃၅ |
| မကွေး | ၃,၉၁၇,၀၅၅ | ၁,၈၁၃,၉၇၄ | ၂,၁၀၃,၀၈၁ |
| မန္တလေး | ၆,၁၆၅,၇၂၃ | ၂,၉၂၈,၃၆၇ | ၃,၂၃၇,၃၅၆ |
| မွန် | ၂,၀၅၄,၃၉၃ | ၉၈၇,၃၉၂ | ၁,၀၆၇,၀၀၁ |
| ရခိုင် | ***၃,၁၈၈,၈၀၇*** | ***၁,၅၂၆,၄၀၂*** | ***၁,၆၆၂,၄၀၅*** |
| ရခိုင် (စာရင်းကောက်ယူရရှိသောလူဦးရေ) | ၂,၀၉၈,၈၀၇ | ၉၈၉,၇၀၂ | ၁,၁၀၉,၁၀၅ |
| ရခိုင် (စာရင်းမကောက်ယူနိုင်သည့်လူဦးရေ) | ၁,၀၉၀,၀၀၀ | ၅၃၆,၇၀၀ | ၅၅၃,၃၀၀ |
| ရန်ကုန် | ၇,၃၆၀,၇၀၃ | ၃,၅၁၆,၄၀၃ | ၃,၈၄၄,၃၀၀ |
| ရှမ်း | ၅,၈၂၄,၄၃၂ | ၂,၉၁၀,၇၁၀ | ၂,၉၁၃,၇၂၂ |
| ဧရာဝတီ | ၆,၁၈၄,၈၂၉ | ၃,၀၀၉,၈၀၈ | ၃,၁၇၅,၀၂၁ |
| နေပြည်တော်[၄] | ၁,၁၆၀,၂၄၂ | ၅၆၅,၁၅၅ | ၅၉၅,၀၈၇ |

[၃] အပြာရောင်ဖြင့် ပြထားသည့် ကိန်းဂဏန်းများသည် သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် လူဦးရေ ဖြစ်ပါသည်။ စာလုံးအစောင်းဖြင့် ပြထားသည့် ကိန်းဂဏန်းများသည် ကောက်ယူရရှိသော လူဦးရေနှင့် မကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေကို ပေါင်းထားခြင်း ဖြစ်ပါသည်။

[၄] အထက်ပါဇယားတွင်ဖော်ပြထားသည့်လူဦးရေသည်ပြည်ပရှိ မြန်မာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသူများနှင့် မိသားစုများမှလွဲ၍နိုင်ငံခြားသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားပါဝင်ခြင်းမရှိပါ။ ပြည်ပရှိ မြန်မာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာဝန်ထမ်းများနှင့် မိသားစုများ (၉၇၂ ဦး) သာပါဝင်ပါသည်။

## ၂.၂ လူဦးရေအရွယ်အစားနှင့်ပြောင်းလဲမှု

ကရင်ပြည်နယ်၏ လူဦးရေသည် ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းတွင် (၈၅၈,၄၂၉) ဦး၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် (၁,၀၅၅,၃၅၉) ဦးရှိခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် (၁,၅၇၄,၀၇၉) ဦးဖြစ်လာပါသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကာလအကြားတွင် ကရင်ပြည်နယ်သည် လူဦးရေ (၄၉) ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ကရင်ပြည်နယ်၏ လူဦးရေအရွယ်အစားကို အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်နှိုင်းယှဉ်ရာတွင် အဆင့် (၁၁) နေရာတွင် တည်ရှိပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်နှင့်ချင်းပြည်နယ်တို့ထက် လူဦးရေပိုများသည်ကို တွေ့ရှိရပါသည်။ ကရင်ပြည်နယ်၏ လူဦးရေသည် ၁၉၈၃ ခုနှစ်တွင် တစ်နိုင်ငံလုံး လူဦးရေ၏ (၃.၀) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် (၃.၁) ရာခိုင်နှုန်းသို့ တိုးမြင့်လာပါသည်။

ပုံ (၃) တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေ အချိုးအစားကို ဖော်ပြထားပါသည်။

ပုံ (၃) - တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအချိုးအစား[5]




## ၂.၃ လူဦးရေသိပ်သည်းဆ

၂၀၁၄ ခုနှစ် မတ်လတွင် ကရင်ပြည်နယ်၏ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်း ကီလိုမီတာတွင် (၅၁.၈) ဦး ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းဆဖြစ်သည့် တစ်စတုရန်းကီလိုမီတာတွင် (၇၆) ဦးနှင့်နှိုင်းယှဉ်လျှင် နည်းပါးသည်ကို တွေ့ရှိရပါသည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေသိပ်သည်းဆ တစ်စတုရန်းကီလိုမီတာတွင် (၇၁၆) ဦးဖြင့် လူဦးရေသိပ်သည်းဆ အများဆုံးနှင့် ချင်းပြည်နယ်

[5] တိုင်းဒေသကြီး/ပြည်နယ်တို့၏ ၂၀၁၄ ခုနှစ် စုစုပေါင်းလူဦးရေအချိုးအစားများကို ကြီးစဉ်ငယ်လိုက် စီထားပါသည်။

သည် တစ်စတုရန်းကီလိုမီတာတွင် (၁၃) ဦးဖြင့် လူဦးရေသိပ်သည်းဆ အနည်းဆုံးဖြစ်ကြပြီး၊ ကရင်ပြည်နယ်သည် အဆင့် (၁၀) နေရာတွင် ရပ်တည်နေပါသည်။ ကရင်ပြည်နယ်၏ လူဦးရေသိပ်သည်းဆသည် ၁၉၇၃ ခုနှစ်တွင် တစ်စတုရန်း ကီလိုမီတာ၌ (၂၈) ဦး၊ ၁၉၈၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာ၌ (၃၅) ဦးရှိခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် (၅၁.၈) ဦးသို့ တိုးမြင့်လာခဲ့ပါသည်။

## ၂.၄ မြို့ပြ/ကျေးလက်လူဦးရေ

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များအရ ကရင်ပြည်နယ်တွင် လူ (၁၀၀) လျှင် (၇၈) ဦးသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး၊ (၂၂) ဦးသည် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသတွင် နေထိုင်သူ (၇၀) ရာခိုင်နှုန်းရှိပြီး၊ မြို့ပြဒေသ၌ နေထိုင်သူ (၃၀) ရာခိုင်နှုန်းရှိပါသည်။ ကရင်ပြည်နယ်၏ မြို့ပြလူဦးရေအချိုးအစားသည် (၂၂) ရာခိုင်နှုန်းဖြစ်၍ ပဲခူးတိုင်းဒေသကြီး၏ မြို့ပြလူဦးရေအချိုးအစားနှင့် တူညီပါသည်။

## ၂.၅ ကျား/မ လူဦးရေ

ကရင်ပြည်နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် (၂၃,၅၄၃) ဦး ပိုကြောင်း တွေ့ရှိရပါသည်။ ကရင်ပြည်နယ်တွင် လူဦးရေ ကျား/မ အချိုး (မ ၁၀၀ တွင် ရှိသော ကျား ဦးရေ) သည် (၉၇) ရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ကျား/မ အချိုးမှာ (၉၃) ဖြစ်သည့်အတွက် ကရင်ပြည်နယ်၏ ကျား/မ အချိုးကပိုများသည်ကို တွေ့ရပါသည်။ မကွေးတိုင်းဒေသကြီး၏ ကျား/မ အချိုးသည် (၈၆) ဖြစ်၍ မြန်မာနိုင်ငံတွင် အနည်းဆုံးဖြစ်ပြီး၊ အများဆုံးမှာ ကချင်ပြည်နယ် (၁၀၈) ဖြစ်ပါသည်။

## ၂.၆ လူဦးရေပိရမစ် [၆]

